
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန


လူထုဗဟိုပြု စီမံကိန်း

# လူထုဗဟိုပြုစီမံကိန်း – ဘဏ္ဍာရေးစီမံခန့်ခွဲမှု



### ဘဏ္ဍာရေးဆပ်ကော်မတီ ဖွဲ့စည်းခြင်း

ကျေးရွာအုပ်စုအဆင့်မှာ ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီ အဖွဲ့ဝင်တွေထဲက ဥက္ကဋ္ဌ၊ စာရင်းကိုင်နဲ့ အဖွဲ့ဝင် စုစုပေါင်း ၃ ဦးနဲ့ ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။ အမျိုးသမီးတစ်ဦး အနည်းဆုံး ပါဝင်ရမယ်။




### ဘဏ္ဍာရေး သင်တန်းများ

ဘဏ်စာရင်း ဖွင့်ပုံ၊ ပုံစံတွေ ဖြည့်ပုံ၊ ထောက်ပံ့ငွေ လွှဲပြောင်းလက်ခံဖို့ လိုအပ်ချက်တွေနဲ့ ငွေပေးငွေယူ လုပ်ငန်းတွေလုပ်ပုံ၊ အစီရင်ခံစာတွေ ရေးပုံတွေကို သင်ကြားပေးမှာ ဖြစ်ပါတယ်။



### ဘဏ်စာရင်းဖွင့်မယ်

စုစုပေါင်း ၄ ဦး ပါဝင်ရမယ်။ ချက်လက်မှတ်နဲ့ ငွေထုတ်ယူဖို့အတွက် စာရင်းဖွင့်ထားသည့် ၄-ဦးထဲမှ ၂-ဦး လက်မှတ်ရေးထိုးရမှာ ဖြစ်တယ်။




### ထောက်ပံ့ငွေ လွှဲပြောင်းပေးပြီ

ကျေးရွာအုပ်စု ဘဏ်စာရင်းဖွင့်ပြီးပြီ၊ လိုအပ်တဲ့သင်တန်းတွေ တက်ပြီးပြီ၊ ထောက်ပံ့ငွေ သဘောတူညီချက် လက်မှတ်ထိုးပြီးပြီဆိုရင် ကျေးရွာအုပ်စု ဘဏ်စာရင်းထဲကို ထောက်ပံ့ငွေ လွှဲပြောင်းပေးလိုက်မှာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးဆပ်ကော်မတီက ကျေးရွာစီမံကိန်းလုပ်ငန်းခွဲနဲ့ ပတ်သက်တဲ့ ငွေပေးချေမှုအားလုံးကို ဆောင်ရွက်ရမယ်။



### ပွင့်လင်းမြင်သာမှု ရှိရမယ်

ဘဏ္ဍာရေးဆပ်ကော်မတီအနေနဲ့
(က) လစဉ် ဘဏ္ဍာရေး အစီရင်ခံစာ မိတ္တူ
(ခ) စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ် ဘဏ္ဍာရေး အစီရင်ခံစာမိတ္တူနဲ့
(ဂ) စီမံကိန်းစက်ဝန်း အပြီးသတ် ဘဏ္ဍာရေးအစီရင်ခံစာ မိတ္တူတစ်စောင်ကို ကျေးရွာနဲ့ ကျေးရွာအုပ်စု ကြော်ငြာသင်ပုန်းမှာ ကပ်ထားရမှာ ဖြစ်သလို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ရုံးသို့လည်း ပေးပို့ရမှာ ဖြစ်ပါတယ်။



### အစစ်ဆေးခံနိုင်ရမယ်

ဆောင်ရွက်ပြီးစီးတဲ့ စီမံကိန်းလုပ်ငန်းတွေနဲ့ ပတ်သက်လို့ အစစ်ဆေးခံနိုင်ဖို့ လိုပါတယ်။ လူထုက ပြန်လည်စစ်ဆေးမယ့် လူမှုဆန်းစစ်ခြင်း၊ သီးခြားငှားရမ်းထားတဲ့ ပညာရှင်အဖွဲ့က စစ်ဆေးခြင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအဖွဲ့ရဲ့ ငွေစာရင်း စစ်ဆေးခြင်းနဲ့ ကမ္ဘာ့ဘဏ်ရဲ့ အထူး စစ်ဆေးခြင်းတွေ ပါဝင်ပါတယ်။



**အဂတိလိုက်စားခြင်း၊ အလွဲသုံးစားခြင်း မလုပ်ပါနှင့် အရေးယူခံရမည်။**